# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**''မိဘကိုလုပ်ကျွေးရတာ အမြတ်ဆုံးအလှူပဲတဲ့၊ ဒါနဲ့ နေပါဦး၊ မင်း ကိုးတန်းထိ ကျောင်းနေခဲ့တယ်လို့ သိရတယ်၊ အဲဒါ ဘာမှဖြစ်မလာဘူးလား"**

**"ဟုတ်တယ် ဦး၊ ကျွန်တော်စာမေးပွဲပြန်ဖြေပြီး ကျောင်းဆရာလုပ်မယ်၊ ခုလည်း ကျွန်တော် စာဖတ်နေတယ်လေ ဒီမှာတွေ့လား . . .''**

**ယမန်နေ့မှအဆက်**

မောင်ချစ်၊ ညီမချစ် သံယောဇဉ်ဟူသည် မိသားစုဘဝတွေထဲမှာ အေးမြမှုစိတ်ကိုဆောင်ကာ ထာဝစဉ် ငြိမ်းငြိမ်းချမ်းချမ်းရှိလှပေသည် တကား။ ကျွန်တော်သည် ကွန်နှင့်ငါးပလိုင်းကိုချပြီး ခြေလက်ဆေးကာ အိပ်ရာမှာဝင်အိပ်လိုက်သည်။ စောင်ကိုဆွဲခြုံပြီး တစောင်းကလေး လှဲလိုက်သည်။

"အဆင်သင့်ဖြစ်ပြီလားဟေ့"

အိပ်မည်မှမကြာသေး ဦးဖိုးခင်၏အသံကြီးက နှင်းမြူထုကို ထိုးဖောက်ကာ တဲရှေ့မှထွက်ပေါ်လာသည်။ ကျွန်တော် စောင်ကို ကိုယ်ပေါ်က ဆွဲခွာပြီး ဖြုန်းခနဲထထိုင်လိုက်သည်။

"ဟုတ်ကဲ့ ဦးလေး၊ အခုပဲ ငါးမျှားစာနဲ့ ပြန်ရောက်သေးတယ်"

"ကဲ ... ထွက်ကြမယ်ကွာ၊ တချို့လှေတွေ ထွက်တောင်သွားကြပြီ"

ဦးဖိုးခင်သည် တဲရှေ့မှာ မီးထောင်ထားသော ရွက်နှစ်ဖုံကို ပခုံးပေါ်ထမ်းတင်ရင်း လှေဆိပ်သို့ဆင်းသွားသည်။ ကျွန်တော်ကလည်း လှော်တက်တွေကို ကောက်ထမ်းလိုက်သည်။ ငါးမျှားစာလည်း တစ်ပလိုင်းမို့ အနိုင်နိုင်။

"ကိုကြီး သွားနှင့်တော့၊ ထမင်းတောင်းနဲ့သောက်ရေအိုးကို ညီမလေး ယူလာခဲ့မယ်လေ"

ကျွန်တော်သည် ဦးဖိုးခင်နောက်သို့ အပြေးကလေးလိုက်သွားသည်။ ညီမလေးကလည်း ထမင်းတောင်းကလေး တချီချီဖြင့် ထက်ကြပ်မကွာ။

● ● ● ● ● ● ●

"ဘညွန့်ရေ ... လှေဦး နိုင်နိုင်ထိန်းစမ်းပါဟ၊ လှေဦး ဟိုယမ်း ဒီယမ်း မဖြစ်စေနဲ့"

"ဩော် ဟုတ် ဟုတ်ကဲ့ ရပါတယ်ဦး"

"မင်းဟာက ရပါတယ်သာဆို ဘယ်လိုဖြစ်နေရတာတုံး၊ လှေမှောက်တော့မယ်ကွာ၊ ရွက်စောင်းနေတဲ့ဘက်က တက်မကိုရေချပြီး ကန့်ချိတ်ထားရတယ်ဟ"

ဦးဖိုးခင်ပြောမှပင် သတိရပြီး ရွက်လေစားနေသည့်ဘက်သို့ တက်မကို ချကိုင်လိုက်သည်။ လှေမှာ ချက်ချင်းဦးငြိမ်သွားသည်။ စုန်လေ (အရှေ့မြောက်အရပ်မှ မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသောလေ)က တိုင်ကပ်ရွက်နှစ်ဖုံကို ခပ်ကြမ်းကြမ်းဝင်တိုးထားရာ မျှားတန်းလှေကလေးမှာ လှိုင်းခေါင်းဖြူများကို ဖိနင်းကာ တဝေါဝေါတရှဲရှဲမြည်သံပေးလျက်ပြေးနေသည်။ ပဲ့ကိုင်တာဝန်ကို လုံးဝဥဿုံယူထားရသော ကျွန်တော့်မှာ လက်ဖျံကြောကြီးများကြွထပြီး တဆတ်ဆတ်တုန်ခါနေအောင်ထိ အားစိုက်ထားရသည်။

ဦးဖိုးခင်ကတော့ မျှားစာငါးကလေးများကို စဉ်းတီတုံးပေါ်တွင်တင်ပြီး အတုံးကလေးများဖြစ်သွားအောင်ထိ ပိုင်းဖြတ်လိုက်သည်။ တစ်ဆက်တည်းပင် ငါးစာတုံးများကို ငါးမျှားချိတ်များ၌ အစီအရီဖောက်ချိတ်ပြီး လှေနံတွင် ကပ်ရိုက်ထားသော ဝါးခြမ်းပြားတန်းကလေး၌ မျှားတစ်ချောင်းချင်းစီတန်းစီ၍ချိတ်ထားလိုက်သည်။ မျှားတန်းလှေတစ်စင်းတွင် ငါးမျှားချိတ် ၁၀၀ မှ ၃၀၀ ထိ ကိုင်ကြသည်။

ဦးဖိုးခင်မှာ ငါးမျှားစာတပ်ရင်းပင် ဆေးတံကို လက်နှင့်မကိုင်ဘဲ ပါးစပ်တွင် ခဲထားသည်။ ဆေးတံလည်းသောက်၊ ငါးစာလည်းတပ်မို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်သည်။ အလုပ်တွင် အာရုံစူးစိုက်နေရကား ဆေးအိုးတွင် မီးငြိမ်းသွားသည်ကိုပင် သိလိုက်ပုံမပေါ်။ သို့သော် ပါးစပ်တွင်ကား ဆေးတံကို ခဲမြဲခဲထားလျက်။ တစ်ချီတစ်ချီအရိများ ဆေးတံရိုးအတိုင်း ပြေးဆင်းလာကြသည်။ ဦးဖိုးခင်ကို ဒီလိုလုပ်လို့ ရနိုင်ရိုးလား၊ ချက်ချင်းပင် ပါးစပ်ကို မပွင့်တပွင့်လေးလုပ်ပြီး လေကိုစုပ်သွင်းလိုက်ရာ အရိတန်းကလေးများ ဆေးတံရိုးအတိုင်းပြေးတက်လာကြပြီး မိမိဝပ်ကျင်း ပါးစပ်အတွင်းသို့ ပြန်ဝင်သွားရတော့သည်။ ကဲ မှတ်ကရော။ မျှားတန်းဆွဲဆရာ ဦးဖိုးခင်ကို ဘာမှတ်နေလဲ။ ငါးစာများကို မျှားချောင်းစေ့အောင် ဦးဖိုးခင် တပ်ပြီးသွားလေပြီ။ သည်တစ်ချီတွင် ဦးဖိုးခင် တော်တော်အရေးကြီးသွားပုံရသည်။ ဆေးတံကို ပါးစပ်မှ ခွပ်ခနဲဆွဲနုတ်ကာ တစ်ချက်နှစ်ချက်ခါပစ်လိုက်ပြီး ပုဆိုးခါးပုံစတွင် ဆေးတံအရိုးကို ထိုးသွင်းထားလိုက်သည်။

"တောင်ကြီးမော် ရောက်ပြီဟ၊ ရွက်ကြိုးလျှော့တော့"

ကျွန်တော်က လှေပဲ့ပိုင်းထုပ်တန်းတွင်ချည်ထားသော နပျံကြိုးကို ဆွဲဖြုတ်ချလိုက်ရာ ပြေးအားကောင်းနေသော လှေမှာ ဝေါခနဲထိုးရပ်သွား၏။ ကြိုးလျှော့ပြီး တဖြန်းဖြန်းရုန်းခါနေသော ရွက်နှစ်ဖုံကို တစ်ယောက်တစ်ဖုံစီ ဆွဲလိပ်ပြီး ရွက်တိုင်ပေါက်မှဆွဲနုတ်ကာ ရွက်တွေကိုချလိုက်ကြ၏။

"ကဲ ကျောက်ဆူးချမယ်ဟေ့၊ လှေဦး ထိန်းထား"

ဦးဖိုးခင်သည် ကြမ်းခင်းကပ်စင်မှ မတ်တတ်ရပ်လျက် တောင်မြောက်ဝဲယာကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ဦးဖိုးခင် မိမိသတ်မှတ်ချက်ခွင်ထဲဝင်လာပြီမို့ မဒမသားခွတွင် ကျောက်ခဲတွဲချည်ပြီးလုပ်ထားသော ကျောက်ဆူးကို ပစ်ချလိုက်သည်။ လက်ဖျားဖော့အဖြစ် ဝါးပိုးဖော့တစ်လုံးကို ကျောက်ဆူးကြိုးနှင့် ပူးတွဲချထားလိုက်သည်။ အစာတပ်ပြီးသား ငါးမျှားချိတ်များကိုလည်း မြစ်ရေပြင်ထဲသို့ တစ်ချောင်းပြီးတစ်ချောင်းပစ်ချလိုက်၏။ ကျွန်တော်က အရှိန်ယူလှော်ပေးရင်း မျှားကြိုးများကို ဆွဲဆန့်ပေးရသည်။ ငါးမျှားချိတ်အားလုံးချပြီးသွားချိန်တွင်တော့ လှေပဲ့ပိုင်းကျောက်ဆူးကို ပစ်ချလိုက်ပြီး လက်ကိုင်ကြိုးကို လှေဦးတွင် ချည်ထားလိုက်တော့သည်။

ဦးဖိုးခင်သည် လှေကပ်စင်မှမတ်တတ်ရပ်ပြီး ငါးမျှားတန်းအနေအထားကို အကဲခတ်လိုက်သည်။ မြစ်ပြင်တစ်ခုလုံးတွင်ကား မျှားတန်းလှေကလေးများမှာ လှိုင်းလုံးများကြားတွင် မြုပ်ချည်ပေါ်ချည်ဖွေးဖွေးလှုပ်လှုပ်။

"ကဲ ... စားချိန်ပဲ စားမယ်ကွာ"

ကျွန်တော်သည် ထမင်းတောင်းကလေးမှ ထမင်းအိုး၊ ဟင်းအိုးများကို အစီအရီဆွဲထုတ်လိုက်၏။ ဇွန်းနှစ်ချောင်းကိုလည်း ဟင်းအိုးများထဲမှာပဲ အသင့်တပ်ထားလိုက်သည်။ ဦးဖိုးခင်မှာ ထမင်းတစ်ဆုပ်ကို မာကျစ်အောင်ဆုပ်နယ်ပြီး လှေဦးဖျားတွင် ဆွမ်းတော်တင်ထားလိုက်သည်။ ပါးစပ်မှာလည်း ပွစိပွစိလှုပ်ရင်း ဆုတောင်းပတ္ထနာပြုလိုက်၏။

လှိုင်းသရမ်းလေးများကတော့ ဟင်းရည်ကို ဇွန်းဖြင့်ခပ်သောက်ခွင့်ပင် မပေးကြ။ ဦးဖိုးခင်သည် ခရမ်းသီးဟင်းချဉ်ရည်အိုးလေးကို အသာမပြီး မော့သောက်ချလိုက်သည်။ ချမ်းအေးပြီး မာကျစ်နေသောထမင်းများကို မျိုမကျသဖြင့် ချဉ်ဟင်းရည်လေးနဲ့ မျှောချလိုက်ခြင်းဖြစ်ဟန်တူသည်။ အညှာမချိုး၊ အလုံးမခွဲဘဲ ညီမလေး ချက်ပေးလိုက်သော ခရမ်းသီးလုံးများက ဦးဖိုးခင်၏နှာခေါင်းကြီးကို ဒုဒုဒက်ဒက်ထုနှက်ပြီး နှုတ်ဆက်လိုက်ကြသည်။

"ဟာ • • • ဒုက္ခပဲ"

"ရတယ်ဦး ကိုယ် အဆင်ပြေသလိုလုပ်ပါ၊ ကျွန်တော့်ကို အားမနာပါနဲ့"

ကျွန်တော် ဦးဖိုးခင်ကို အရှက်ပြေစေရန် ပြောလိုက်သည်။

● ● ● ● ● ● ●

"ဘညွန့်ရေ မင်းနဲ့အလုပ်လုပ်ရတာ ငါတော်တော်ကျေနပ်တယ်ကွာ"

"ဘာဖြစ်လို့လဲ ဦး"

"မင်းနဲ့ငါ ငါးပုတ်သင်မျှားကြတော့လည်း တို့ တော်တော်ရကြတယ်လေ၊ ခု ငါးရွှေမျှားတန်းချကြတော့လည်း အဆင်ပြေနေတာပဲ"

"ဦးနဲ့ကျွန်တော့်ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယပေါ့ဗျာ"

"ဟုတ်တယ် ဟုတ်တယ်၊ ဦးမှာလည်း နွေတက်ရင် သားလေးကို ရှင်ပြုဖို့ ရည်ရွယ်ထားတာနဲ့ အတော်ပဲ"

"အဆင်ပြေတာပေါ့ဗျာ၊ ကျွန်တော့်မှာလည်း အမေဆုံးပြီးကတည်းက အဖေကြီးမှာ စီးပွားပျက်၊ အိမ်ထောင်ပျက်ဘဝမျိုးရောက်နေခဲ့တာလေ၊ ကျွန်တော်က သားကြီးဆိုတော့ အဖေ့ရဲ့အထည်ကြီးပျက်ဘဝ ပြန်လည်ထူထောင်ဖို့ လုပ်ပေးနိုင်သလောက် လုပ်ပေးနေတာပဲ"

"ဟုတ်တာပေါ့ကွာ၊ မိဘကိုလုပ်ကျွေးရတာ အမြတ်ဆုံးအလှူပဲတဲ့၊ ဒါနဲ့ နေပါဦး၊ မင်း ကိုးတန်းထိ ကျောင်းနေခဲ့တယ်လို့ သိရတယ်၊ အဲဒါ ဘာမှဖြစ်မလာဘူးလား"

"ဟုတ်တယ် ဦး၊ ကျွန်တော်စာမေးပွဲပြန်ဖြေပြီး ကျောင်းဆရာလုပ်မယ်၊ ခုလည်း ကျွန်တော် စာဖတ်နေတယ်လေ ဒီမှာတွေ့လား"

ကျွန်တော်သည် ကျောင်းစာအုပ်တွေထည့်လာသော လွယ်အိတ်ကလေးကို ကိုင်လှုပ်ပြလိုက်သည်။

"ဩော် အဲလိုဆို မင်း ငါးမျှားတန်းချထားတုန်းမှာ စာဖတ်နေတာတွေ့တယ်၊ စာမေးပွဲဖြေဖို့အတွက်ပေါ့"

"ဟုတ်တာပေါ့ဗျာ သေချာပေါက်ဖြေမယ်ဗျာ"

ပင်လယ်ပြင်ရေလုပ်သားတို့မှာ မျှားချပိုက်ချရင်းပင် ဖြစ်ခြင်းပျက်ခြင်းအကြောင်းတရားများ၊ အတွေ့အကြုံများကို ပြန်လည်ပြောနေတတ်ကြသည်။ သူတို့တွေမှာ ကြံတိုင်းမြောက် ထင်တိုင်းပေါက်တော့လည်း ဘဝပီတိဖြစ်ကြရသည်။ **ဆက်လက်ဖော်ပြပါမည်။**

## မုံရွာမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ စာရင်းစစ် စာရင်းကောက်သင်တန်းဆင်း

မုံရွာ စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ စာရင်းစစ်/စာရင်းကောက်သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၂၈ ရက်က မုံရွာမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မုံရွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်ရန် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသောစီမံကိန်းဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်သတ်မှတ်ကာ အားလုံးအောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးသန်းဌေးက သင်တန်းသားများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို မိမိတို့၏အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများနှင့် ပေါင်းစပ်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာကော်မတီဝင်များအား စာရင်းစစ်/စာရင်းကောက်ခန့်အပ်လွှာများနှင့် သန်းခေါင်စာရင်းဆိုင်ရာပစ္စည်းများကို အသီးသီးပေးအပ်ကြသည်။

မုံရွာမြို့နယ်အတွင်းရှိ ရပ်ကွက် ၃၄ ခု ကောက်ကွက်ပေါင်း ၄၂၆ ကွက်တို့၌ အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းစစ်/စာရင်းကောက် စုစုပေါင်း ၁၇၅ ဦးတို့က Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် မထပ်မကျန်အောင် စနစ်တကျစာရင်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပေါင်မြို့နယ်၌ ရာသီစာကျွဲကောသီးများလှိုင်လှိုင်ထွက်ရှိ



**ပေါင် စက်တင်ဘာ ၂၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဒေသထွက် ရာသီစာ ကျွဲကောသီးများ လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာလအစောပိုင်းကတည်းက စတင်ခူးဆွတ်ရောင်းချနေသည့် ပေါင်မြို့နယ်ထွက် ဓာတ်စာကျွဲကောသီးများမှာ ဈေးကွက်အတွင်းဝယ်ယူစားသုံးသူများပြားလျက်ရှိသည်။

ကျွဲကောသီးကို မွန်ပြည်နယ်ရှိ မြို့နယ်အများစု၌ စိုက်ပျိုးကြပြီး ထွက်ရှိသော ကျွဲကောသီးများကို ဒေသတွင်းစားသုံးရောင်းချမှုများအပြင် အလုံး ၅၀ ပါ နှီးခြင်းများဖြင့် ထုပ်ပိုးကာ ရန်ကုန်ပွဲရုံနှင့်မန္တလေးတို့ကို အဓိကတင်ပို့ရောင်းချကြသည်။


ဒေသထွက် ကျွဲကောသီးကို အဖြူသီးနှင့် ပန်းရောင်သီးဟု ခွဲခြားထားကာ နှစ်မျိုးစလုံး အရသာချိုပြီး ဈေးနှုန်းအတူတူပင်ဖြစ်သည်။

ကျွဲကောသီးသည် သွေးလည်ပတ်မှုကောင်းခြင်း၊ အိပ်ပျော်စေခြင်းစသော အကျိုးကျေးဇူးများကိုရရှိစေနိုင်သည်။ ထို့ပြင် သွေးကျဲခြင်း၊ လည်ပင်းနာခြင်းစသည့်ရောဂါများအပြင် ဆီးချိုရောဂါသည်များအတွက်လည်း အကောင်းဆုံး ဓာတ်စာသီးနှံဖြစ်၍ လူတိုင်းစားသုံးရန်သင့်တော်ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးကျေးရွာ၌ တွင်းဆေးတွင်းမှုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**အုတ်တွင်း စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးကျေးရွာ၌ ရေဘေးကြောင့် ပျက်စီးသွားသော စက်ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ ညောင်ပင်ကြီးကျေးရွာ၌ ရေဘေးကြောင့် ပျက်စီးသွားသော စက်ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များရှိပါက ဦးစီးဌာနရုံးသို့ အချိန်မီတင်ပြဆောင်ရွက်ပေးကြရန် မှာကြားသည်။

ညောင်ပင်ကြီးကျေးရွာ၌ ရေဘေးကြောင့် ပျက်စီးသွားသော စက်ရေတွင်း ၁၀ တွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ တွင်းဆေးတွင်းမှုတ်ခြင်း ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ သန့်ရှင်းသောသောက်သုံးရေများကို ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း၊ ရေဘေးကြောင့်ပျက်စီးသွားပြီး တွင်းဆေးတွင်းမှုတ်ရန်လိုအပ်သော ကျေးရွာများကိုအဖွဲ့များခွဲ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချိုလေး**

### သဇင် (FM)အသံလွှင့်အစီအစဉ်

၃၀-၉-၂၀၂၄(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners

## တပ်မတော်သား ဂုဏ်ရည်

❖ စွန့်လွှတ်ကာ စွန့်စားလို့<br>
အမြင့်မားဆုံး ဖြစ်တည်။<br>
တို့ပြည်ရွာ သာယာရေး<br>
မနေးရှက်သည်။<br>
အသက်သွေးချွေး မမှုပြီ<br>
တပ်မတော်သည် ရှေ့ဆောင်လို့။<br>
ပြည့်ဖျက်ရန် ပြည့်ဖျက်မျိုးကို<br>
ထိုးနှက်လျက်မို့။

❖ တို့ပြည်ကို တို့တည်ထား<br>
ရှေးများက ရာဇဝင်။<br>
သက်သေတည် သမိုင်းကြောင်း<br>
မဟောင်းဖြစ်စဉ်။<br>
စစ်တေးတို့ တလွင်လွင်<br>
စစ်ဆင်လို့ တို့မပန်း။<br>
စစ်သူရဲတွေ ထွန်းပေါ်သစ်လို့<br>
ပြည်ချစ်စိတ်ဝမ်း။

❖ ခုလည်းလေ ပြည်ဖျက်ပိုးတို့<br>
ညစ်ဆိုးလို့ တိုက်ပွဲဖန်။<br>
တို့ပြည်ကို တို့တစ်တွေချစ်သမို့<br>
လှစ်စိုမျိုးမာန်။<br>
ပြည်ထိလို့ တို့မခံ<br>
ပြည့်ရန်ကို တွန်းလှန်ဖျက်။<br>
တို့အားသည် တို့ပြည်ထဲမှာမို့<br>
တွဲလက်ခိုင်လျက်။

❖ ပြည်ချစ်သူ သားမောင်ထွားတို့<br>
ပြည့်အားတဲ့ ဖော်ကာဆောင်။<br>
စစ်မှုရယ် ဝင်ကာထမ်းလို့<br>
အစွမ်းထိပ်ခေါင်။<br>
အသက်သွေးချွေး မမှုပေါင်<br>
ထွန်းပြောင်ကာ သတ္တိပြ။<br>
တို့မြန်မာ ဇာတိသွေး<br>
နွေးလို့သာပ။

❖ တပ်မတော် တို့သမိုင်း<br>
မရိုင်းဖို့ တို့ကြံဆောင်။<br>
တို့မြေကို တို့တွေချစ်<br>
မညစ်ရအောင်။<br>
ပြည့်ကျိုးတဲ့ ထမ်းရွက်ဆောင်<br>
စစ်သည်မောင် ရွှင်ရွှင်လန်း။<br>
တို့စစ်သည် အားမာန်ဖွဲ့က<br>
ပြည်ထဲမှာလွှမ်း။

❖ ပြည့်ရတနာ တပ်မတော်သား<br>
စွန့်စားလို့ စွန့်လွှတ်သည်။<br>
ပြည်သာဖို့ သည်အရေး<br>
မနေးစစ်ချီ။<br>
တပ်မတော်သား ဂုဏ်ရည်<br>
ကြည်ပါသည် ထွန်းလင်းလို့။<br>
တက်နေပမာ ရှင်းသန့်စွာဖြင့်<br>
အခက်ဖြေဖြော လင်းခန့်သာလို့<br>
တို့မြန်မာ မော်ကွန်းသစ်ကို<br>
ထွန်းလှစ်ကြစို့။ ။

**ပြေအေးသက်**

# ကျန်းမာရေးနှင့်မညီညွတ်သော စိတ်ချနည်းများ

ကျန်းမာရေးနဲ့မညီညွတ်တဲ့နည်းလမ်းတွေနဲ့ စိတ်ချတာကြောင့် ခန္ဓာကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးနဲ့ စိတ်ခံစားမှုပြဿနာတွေ ဖြစ်လာနိုင်ပါတယ်။ လူအများစုစိတ်ချရတဲ့ရည်ရွယ်ချက်က ကျန်းမာလှပစေဖို့ဖြစ်ပါတယ်။ ဒါကို မကျန်းမာစေတဲ့နည်းလမ်းတွေသုံးနေမယ်ဆိုရင် မဖြစ်သင့်တဲ့လုပ်ရပ်လို့ဆိုရမှာပဲဖြစ်ပါတယ်။ အခုဖော်ပြမယ့်နည်းလမ်းတွေက ဝိတ်ချရာမှာအသုံးပြုတတ်ကြတဲ့ ကျန်းမာရေးနဲ့ မညီညွတ်တဲ့နည်းလမ်းတွေထဲက တချို့ပဲဖြစ်ပါတယ်။

**ဝမ်းနုတ်ဆေးစားခြင်း**

အလွန်အကျွံဝမ်းချုပ်နေရင် ဝမ်းနုတ်ဆေးကိုအသုံးပြုသင့်ပါတယ်။ ဒါပေမဲ့ ဝမ်းနုတ်ဆေးကို လိုတာထက်ပိုပြီးသုံးစွဲမယ်ဆိုရင် အသည်း၊ အူလမ်းကြောင်းနဲ့ အစာခြေလမ်းကြောင်းတွေက အမြှေးပါးလွှာတွေ ပါးပြီး ထိခိုက်စေနိုင်ပါတယ်။ အစာအိမ်နဲ့အူလမ်းကြောင်းတစ်လျှောက်က အကျိုးပြုဗက်တီးရီးယားတွေ နည်းပါးလာစေပါတယ်။

**စွပ်ပြုတ်သောက်ခြင်း**

အာဟာရပြည့်စုံတဲ့အစားအစာတွေစားမယ့်အစား ဖြစ်သလိုစားနေမယ်ဆိုရင် အာဟာရချို့တဲ့လာပြီး ကျန်းမာရေးလည်း ချူချာလာနိုင်ပါတယ်။ စွပ်ပြုတ်ကို အသီးအရွက်၊ အသား၊ ငါးထည့်ပြီး အာဟာရပြည့်စုံအောင်ပြုလုပ်ပြီး သောက်သုံးနိုင်ရင် အကောင်းဆုံးပဲဖြစ်ပါတယ်။

**ဆေးလိပ်သောက်ခြင်း**

ဆေးလိပ်သောက်တာက ဆာလောင်မှုကိုဖြေဖျောက်ပေးတာကြောင့် အစားစားတာနည်းစေပြီး ဝိတ်ကျစေပါတယ်။ ဒါပေမဲ့ ဆေးလိပ်ကြောင့်ဖြစ်နိုင်တဲ့ ကျန်းမာရေးပြဿနာတွေက အများကြီးရှိပါတယ်။ အစာမရှိဘဲ ဆေးလိပ်သောက်ရင် အစာအိမ်ထဲက အက်စစ်အချဉ်ရည် အထွက်များလို့ အစာအိမ်အနာဖြစ်နိုင်သလို ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာဖြစ်နိုင်လို့ ဆေးလိပ်ဖြတ်သင့်ပါတယ်။

**ကယ်လိုရီပါဝင်မှုနည်းတဲ့အစားအစာစားသုံးခြင်း**

တစ်နေ့ကို ကယ်လိုရီ ၁၀၀ သာစားသုံးပြီး ဝိတ်ချတာမျိုးကလည်း မှန်ကန်တဲ့နည်းလမ်းတော့မဟုတ်ပါဘူး။ တစ်နေကုန် လိုအပ်တဲ့ စွမ်းအင်ပမာဏအောက်လျော့နည်းနေတာကြောင့် ဇီဝရုပ်ဖြစ်ပျက်မှု နှေးကွေးတာနဲ့ ခံတွင်းပျက်တာမျိုးတွေဖြစ်နိုင်ပါတယ်။

**ရေတိုဝိတ်ကျစေတဲ့ဓာတ်စာ**

ဝိတ်ကျစေဖို့ ရေတိုနည်းလမ်းသုံးပြီး ဓာတ်စာစားသုံးတာကလည်း ကျန်းမာရေးအပေါ် သက်ရောက်မှုတွေရှိနိုင်ပါတယ်။ ဓာတ်စာစားသုံးတဲ့အခါ ခန္ဓာကိုယ်ရဲ့ဇီဝရုပ်ဖြစ်ပျက်မှုတွေ နှေးကွေးသွားစေလို့ ဝိတ်ကျစေပါတယ်။ ဓာတ်စာမစားတော့ဘဲ ပုံမှန်စားနေကျအစားအစာတွေ ပြန်စားတဲ့အခါ နဂိုရှိရင်းစွဲထက် ဝိတ်ပိုတက်လာစေနိုင်ပါတယ်။

**အစာနပ်မှန်အောင်မစားခြင်း**

ဝမှာစိုးလို့ မနက်စာမစားဘဲနေတာ၊ ညစာမစားဘဲနေတာတွေက အစားအစာမစားဘဲနေတဲ့အချိန်တွေမှာတော့ ဇီဝရုပ်ဖြစ်ပျက်မှု နှေးကွေးစေလို့ ဝိတ်ကျနိုင်ပေမယ့် မနေနိုင်လို့ပြန်စားမိတဲ့အချိန်မှာ ဝိတ်ပိုတက်လာစေပါတယ်။

**ချွေးထုတ်ခြင်း**

ခန္ဓာကိုယ်တွင်းက အဆိပ်အတောက်တွေကိုဖယ်ရှားပေးဖို့ ချွေးထုတ်ပေးတာကကောင်းပေမယ့် မိနစ် ၃၀ ထက်ကျော်လွန်ပြီး ပြုလုပ်မယ်ဆိုရင် ခန္ဓာကိုယ်မှာ ရေဓာတ်ခန်းခြောက်မှုကိုဖြစ်စေနိုင်သလို အရေပြားအရောင်ပြောင်းသွားနိုင်လို့ မကြာခဏချွေးထုတ်ခြင်း၊ ချွေးထုတ်ချိန်ကြာခြင်းမျိုး ရှောင်ကြဉ်သင့်ပါတယ်။

**ဆေးဝါးသုံးစွဲခြင်း**

ဝိတ်ကျစေဖို့ ဆေးသောက်တာကတော့ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အန္တရာယ်များပါတယ်။ မိသားစုဆရာဝန်နဲ့တိုင်ပင်ပြီး ညစဉ် Atorvastatin 200 mg H.S ကို လနဲ့ချီပြီးသောက်မယ်ဆိုရင် အဆီကျပြီး ဝိတ်ကျတာမှန်ပေမယ့် ဝိတ်ကျဖို့အတွက် ၁၀၀ ရာခိုင်နှုန်း ဘေးထွက်ဆိုးကျိုးကင်းတဲ့ဆေးမျိုးမရှိနိုင်လို့ ဝိတ်ကျဖို့ ဒီနည်းလမ်းကို မသုံးသင့်ပါဘူး။

**လေ့ကျင့်ခန်းအလွန်အကျွံလုပ်ခြင်း**

လေ့ကျင့်ခန်းအလွန်အကျွံပြုလုပ်ပြီး ဝိတ်ချတတ်ကြပါတယ်။ ဒီနည်းလမ်းက ဝိတ်ကျတာထက် ကြွက်သားနဲ့အရိုးတွေကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ကိုယ်နဲ့သင့်တော်တဲ့လေ့ကျင့်ခန်းကို နေ့စဉ် ပုံမှန်လုပ်ဆောင်ပေးတာမျိုးပဲပြုလုပ်ပေးသင့်ပါတယ်။ အစားအနည်းငယ်သာစားပြီး နေ့စဉ် နာရီဝက်ကနေ တစ်နာရီ အပြေး၊ ရွှေ့ရွှေ့ပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်တာက မှန်ကန်ပေမယ့် ဒီထက်နှစ်ဆ လေ့ကျင့်ခန်းပြုလုပ်မယ်ဆိုရင် ဆိုးကျိုးတွေရှိနိုင်ပါတယ်။

**ပိန်ဆေးသောက်ခြင်း**

ပိန်ဆေးတွေမှာ ဘေးထွက်ဆိုးကျိုးအများကြီးရှိပါတယ်။ ဝမ်းနုတ်ဆေးလို၊ အဆီချဆေးလို ရောနေတတ်လို့ ရေရှည်မှာ ရင်တုန်တာ၊ အာခေါင်ခြောက်တာ၊ အစာအာဟာရချို့တဲ့တာ၊ အိပ်မရတာ၊ ဦးနှောက်အာရုံကြောမကြည်လင်တာတွေလည်းဖြစ်နိုင်ပါတယ်။

**"လေ့ကျင့်ခန်းအလွန်အကျွံပြုလုပ်ပြီး ဝိတ်ချတတ်ကြပါတယ်။ ဒီနည်းလမ်းက ဝိတ်ကျတာထက် ကြွက်သားနဲ့အရိုးတွေကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ကိုယ်နဲ့ သင့်တော်တဲ့လေ့ကျင့်ခန်းကို နေ့စဉ် ပုံမှန်လုပ်ဆောင်ပေးတာမျိုးပဲ ပြုလုပ်ပေးသင့်ပါတယ်။ အစားအနည်းငယ်သာစားပြီး နေ့စဉ် နာရီဝက်ကနေ တစ်နာရီ အပြေး၊ ရွှေ့ရွှေ့ပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး ပြုလုပ်တာက မှန်ကန်ပေမယ့် ဒီထက်နှစ်ဆ လေ့ကျင့်ခန်းပြုလုပ်မယ်ဆိုရင် ဆိုးကျိုးတွေ ရှိနိုင်ပါတယ် . . ."**

**အိပ်ဆေးသောက်ခြင်း**

အိပ်နေတဲ့အခါ ဗိုက်မဆာလို့ အစာမစားတာကြောင့် အိပ်ဆေးသောက်ပြီးအိပ်နေမယ်ဆိုတဲ့စိတ်ကူးမျိုးနဲ့ ဝိတ်ချဖို့ကြိုးစားနေမိတတ်ပါတယ်။ အိပ်ဆေးတွေသောက်ပြီး အိပ်စက်နေတာတွေက ဝိတ်ချဖို့အလုပ်မဖြစ်ဘဲ ဆေးစွဲတာ၊ ဆေးယဉ်ပါးတာတွေဖြစ်ပြီး တခြားဘေးထွက်ဆိုးကျိုးတွေကိုပါ ခံစားရရှိစေနိုင်ပါတယ်။

**အရက်သောက်ခြင်း**

အရက်သောက်ပြီး ဝိတ်ချတာမပြုလုပ်သင့်ပါဘူး။ အသည်းတစ်ခုတည်းမှာတင် အသည်းအဆီဖုံးခြင်း၊ အသည်းရောင်ခြင်း၊ နာတာရှည်အသည်းရောင်ခြင်း၊ အသည်းမှာအမှတ်စွဲထင်ခြင်း၊ အသည်းကြွပ်ဆတ်နာ၊ အသည်းကင်ဆာရောဂါတွေဖြစ်စေနိုင်သလို အစာရေမျိုပြွန်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ အူမကြီးကင်ဆာတို့ဖြစ်စေနိုင်ပါတယ်။

ခြုံငုံပြောရရင် ပုံမှန်ကိုယ်အလေးချိန်အချိုးအဆ (BMI) ၁၈ ဒသမ ၉– ၂၄ ဒသမ ၉ အတွင်းရှိရင် ကျန်းမာရေးနဲ့ညီညွတ်ပါတယ်။ ဝိတ်ချနည်းမမှန်ရင် တခြားရောဂါစွဲကပ်နိုင်ခြေရှိလို့ မိသားစုဆရာဝန်နဲ့တိုင်ပင်ပြီးမှသာ မှန်ကန်တဲ့နည်းလမ်းနဲ့ဝိတ်ချသင့်ကြောင်း ရေးသားလိုက်ရပါတယ်။

**ဒေါက်တာလွင်သန့်**

# ကြံခင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ် စာရင်းကောက်သင်တန်းဆင်းပွဲကျင်းပ




ကြံခင်း စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်/စာရင်းကောက် သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၈ ရက်က ကြံခင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသောင်းထွဋ်လွင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်အဆင့် (ယာယီ) လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ စာရင်းစစ်/စာရင်းကောက် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းခန့်အပ်လွှာများ ပေးအပ်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသောင်းထွဋ်လွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်အဆင့်(ယာယီ) လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းနှင့် ကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စု ကျေးရွာပေါင်း ၂၅၁ ရွာ၌ ကောက်ကွက်ပေါင်း ၂၇၆ ကွက်ရှိပြီး စာရင်းစစ်/စာရင်းကောက် ၁၁၀ ဦးဖြင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ကော်မတီများဖွဲ့စည်းကာ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# ရုရှားတပ်ဖွဲ့က မာကိကာဒေသကိုပြန်လည်သိမ်းပိုက်နိုင်

မော်စကို၊ စစ်ရေး

ရုရှားတပ်ဖွဲ့များသည် ဒွန်ဘတ်ဒေသရှိမာကိကာဒေသကို ပြန်လည်သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂၉ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါဒေသသည် ရုရှားပြည်ထောင်စုအတွင်းရှိ လူးဟန့်ပြည်သူ့သမ္မတနိုင်ငံမှ ဒေသတစ်ခုဖြစ်ပြီး အနောက်အုပ်စုမှ တပ်ဖွဲ့တစ်ဖွဲ့၏သိမ်းပိုက်ခြင်းကိုခံထားရသည့် နေရာဖြစ်သည်။

ယင်းဒေသအပြင် အခြားဒေသများတွင် ရုရှားကလုပ်ဆောင်သော ချေမှုန်းရေးစစ်ဆင်ရေး၌ ယူကရိန်းတပ်ဖွဲ့ဝင် ၄၅၀ ဦးကို ၂၄ နာရီအတွင်းချေမှုန်းလိုက်နိုင်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ရုရှားတပ်ဖွဲ့များသည် ယင်းဒေသများအတွင်းရှိ ပိုလန်နိုင်ငံထုတ် Krab အမြောက်၊ အမေရိကန်နိုင်ငံထုတ် M198 ဟောင်ဝစ်ဇာနှင့် ဗြိတိန်နိုင်ငံထုတ် FH–70 ဟောင်ဝစ်ဇာတို့အပါအဝင် စစ်လက်နက်ပစ္စည်းအများအပြားကိုလည်းဖျက်ဆီးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ပြီးခဲ့သည့်လများကတည်းက ရုရှားတပ်ဖွဲ့ဝင်များသည်ဒွန်ဘတ်ဒေသတစ်လွှားရှိ နယ်မြေများဆီ တဖြည်းဖြည်းချင်းနင်းဝင်ရောက်လာကာ နေရာအများအပြားကို သိမ်းပိုက်နိုင်ခဲ့သည်။

ယခုအခါ ယူကရိန်းတပ်ဖွဲ့များက ရှေ့ဆက်မတိုးနိုင်သည့်အခြေအနေဖြစ်ပေါ်နေစဉ်တွင် ရုရှားတပ်ဖွဲ့များက ယူကရိန်းတို့၏အဓိကထောက်ပံ့ရေးအချက်အချာဖြစ်သည့် ပေါ့ရော့ဗ်မြို့အနီးသို့ရောက်ရှိလာပြီဖြစ်ကြောင်းသိရသည်။ Ref: RT



# အိန္ဒိယလူငယ်တစ်ဦး ပခုံးအရင်းမှလက်အစားထိုးသည့် ကမ္ဘာ့ပထမဆုံးလူငယ်ဖြစ်လာ

မွမ်ဘိုင်း၊ ကျန်းမာရေး

အိန္ဒိယနိုင်ငံမှ ဆယ်ကျော်သက်လူငယ်တစ်ဦးသည် ပခုံးအရင်းမှနေ၍ လက်တစ်ချောင်းလုံးကိုအစားထိုးသည့် ကမ္ဘာ့ပထမဆုံးလူငယ်ဖြစ်လာကြောင်း ၎င်း၏ဆရာဝန်က စက်တင်ဘာလ ၂၉ ရက်တွင်ပြောသည်။


အာနမ်တာအာမတ်အမည်ရှိ အဆိုပါအမျိုးသမီးငယ်သည် ၂၀၂၂ ခုနှစ်တွင် မောင်နှမများနှင့်ကစားနေစဉ် ၁၁ ကေဗွီဗို့ရှိ ဓာတ်ကြိုးကို မတော်တဆကိုင်မိပြီး ဓာတ်လိုက်မှုကြောင့် ညာဘက်လက်တစ်ချောင်းလုံးဆုံးရှုံးခဲ့ရသူဖြစ်သည်။

ထို့နောက် မိသားစုအတွင်းမှအသက် ၉ နှစ်ရှိ ဦးနှောက်သေနေသည့်ကလေးငယ်တစ်ဦးက ၎င်း၏ညာဘက်လက်ကိုလှူဒါန်းလာသောကြောင့် ယခုလိုညာဘက်လက်တစ်ချောင်းလုံးကို အစားထိုးလိုက်နိုင်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံးလက်အစားထိုးကုသမှုခံယူထားသူမှာ အမေရိကန်မှ အသက် ၁၀ နှစ်ရှိသူဖြစ်သည်။ ၎င်းသည် တံတောင်ဆစ်အောက်မှသာ လက်အစားထိုးထားခြင်းဖြစ်သည်။

သို့သော် အာနမ်တာအာမတ်သည် ခွဲစိတ်ကုသမှုကိုအောင်မြင်စွာခံယူလိုက်နိုင်ခြင်းကြောင့် ပခုံးအရင်းမှနေ၍လက်တစ်ချောင်းလုံးကို အစားထိုးနိုင်သည့်ကမ္ဘာ့ပထမဆုံးလူငယ်ဖြစ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref: TST



# ထိုင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းက ဘတ်ခြောက်ဘီလီယံကျော်ရင်းနှီးမြှုပ်နှံမှုရရှိ

ဘန်ကောက်၊ စီးပွားရေး

ထိုင်းနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းက ဇူလိုင်လတွင် ရင်းနှီးမြှုပ်နှံမှုအဖြစ် ဘတ်ခြောက်ဘီလီယံကျော်ရရှိကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

ဝင်ရောက်လာသည့်ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏက ဘတ် ၆ ဒသမ ၃၇၁ ဘီလီယံရှိကြောင်း၊ အများစုမှာ တရုတ်၊ နယ်သာလန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ဟောင်ကောင်တို့မှဖြစ်ကြောင်း ထိုင်းမူဝါဒနှင့်မဟာဗျူဟာရေးရာရုံးက ထုတ်ပြန်ထားသည်။

အထူးသဖြင့် ၎င်းတို့ရင်းနှီးမြှုပ်နှံသည့်ကဏ္ဍမှာ ကုန်စည်နှင့်ခရီးသည်ပို့ဆောင်ရေးကဏ္ဍဖြစ်ကြောင်း၊ ဇူလိုင်လကုန်အထိ ထိုင်းနိုင်ငံ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီပေါင်း ၄၃၈၄၈ ခုအထိရှိလာပြီဖြစ်ကြောင်းနှင့် ဇူလိုင်လမှ လုပ်ငန်းစတင်လည်ပတ်သည့်ကုမ္ပဏီမှာ ၃၃၄ ခုရှိကြောင်းထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ အဆိုပါကုမ္ပဏီများအနက် ၁၂ ခုမှာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်သည်။ Ref: NT

## သတင်းတိုကဏ္ဍ

### အမေရိကန်က နျူကလီးယားဗုံးအန္တရာယ်အတွက် အရဲစွန့်နေဟု မြောက်ကိုရီးယားပြော

အမေရိကန်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့စစ်လက်နက်ပစ္စည်းများ ပို့ပေးနေခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်သည့်နျူကလီးယားဗုံးအန္တရာယ်အတွက် လောင်းကြေးကြီးကြီးဖြင့် အရဲစွန့်နေကြောင်း မြောက်ကိုရီးယားခေါင်းဆောင်၏ညီမ ကင်ယိုဂျုံကပြောသည်။

ရုရှားသမ္မတက ယခုနှစ်ဇူလိုင်လတွင် မြောက်ကိုရီးယားနိုင်ငံသို့သွားစဉ် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုစာချုပ်တွင် တစ်နိုင်ငံကပြည်ပကျူးကျော်စွက်ဖက်မှုနှင့်ရင်ဆိုင်ရပါက ကျန်တစ်နိုင်ငံအနေဖြင့် ကူညီပေးမည်ဟုကတိပြုထားမှုပါဝင်သည်။

ထို့နောက် အမေရိကန်အနေဖြင့် ရုရှား၏သတိပေးမှုများကိုလျစ်လျူရှုကာ ယူကရိန်းနိုင်ငံသို့ အဆင့်မြင့်စစ်လက်နက်များထပ်မံပေးပို့နေခြင်းက ကမ္ဘာကြီးကိုနျူကလီးယားကပ်ဘေးသို့ကျရောက်စေမည်ဖြစ်ကြောင်းနှင့် ယူကရိန်းကိုဒေါ်လာရစ်ဘီလီယံနီးပါးရှိစစ်ရေးအကူအညီပေးမည့်ဆုံးဖြတ်ချက်မှာ မိုက်မဲရာရောက်ကြောင်း ကင်ယိုဂျုံကပြောထားသည်။ Ref: RT

### အစ္စရေး၏တိုက်ခိုက်မှုများကြောင့် လက်ဘနွန်၌ စစ်ဘေးရှောင်ရသူ တစ်သန်းနီးပါးရှိလာ

အစ္စရေးနိုင်ငံကလုပ်ဆောင်နေသော တိုက်ခိုက်မှုများကြောင့် လက်ဘနွန်နိုင်ငံ၌စစ်ဘေးရှောင်ရသူဦးရေ တစ်သန်းနီးပါးရှိလာပြီဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မီကာတီက စက်တင်ဘာလ ၂၉ ရက်တွင်ပြောသည်။

ယခုကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်ရွှေ့ပြောင်းနေထိုင်ရခြင်းသည် လက်ဘနွန်သမိုင်းတစ်လျှောက် အမြင့်ဆုံးပမာဏဖြစ်ကြောင်း မီကာတီကသတင်းစာရှင်းလင်းပွဲ၌ပြောသည်။

ထို့ပြင် လက်ရှိဖြစ်ပွားနေသောအခြေအနေများကြောင့် လက်ဘနွန်အစိုးရက နိုင်ငံတကာမှ အကူအညီတောင်းခံသွားမည်ဖြစ်ကြောင်းနှင့် အယောင်ဆောင်ဝင်ရောက်မှုများမရှိစေရေး အလှူရှင်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကဆက်ပြောသည်။

အစ္စရေးသည် Northern Arrows စစ်ဆင်ရေးဖြင့် လက်ဘနွန်နိုင်ငံတောင်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် ဗုံးမိုးရွာတိုက်ခိုက်မှုများလုပ်ဆောင်နေခြင်းဖြစ်ပြီး လက်ဘနွန်မှသေဆုံးသူ ၁၅၀၀ ကျော်လာပြီဖြစ်ကြောင်းသိရသည်။ Ref: Sputnik

### နီပေါနိုင်ငံ၌ ရေကြီး၊ မြေပြိုမှုများကြောင့် သေဆုံးသူ ၁၅၁ ဦးအထိမြင့်တက်

နီပေါနိုင်ငံ၌ မုတ်သုံရာသီမိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဆက်စပ်ဖြစ်ပေါ်လာသောရေကြီးမှုများနှင့် မြေပြိုမှုများတွင် စက်တင်ဘာလ ၂၉ ရက်နေ့ပိုင်းအထိ သေဆုံးသူ ၁၅၁ ဦးရှိလာပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ထို့ပြင် သဘာဝဘေးများကြောင့် ဒဏ်ရာရရှိသူ ၁၀၀ ဦးနှင့် ပျောက်ဆုံးနေသူ ၅၅ ဦးရှိကာ ဒုက္ခသည် ၃၆၆၁ ဦးကိုကယ်တင်ထားကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

သေဆုံးသူများအနက် ၃၅ ဦး၏ ရုပ်အလောင်းများကို မြေပြိုမှုတစ်ခုအတွင်း မြေကြီးအောက်၌ရှိနေသည့် ခရီးသည်တင်ဘတ်စကားများမှ ပြန်လည်ဆယ်ယူရရှိကြောင်း ဒါးဒင်းခရိုင်ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူကပြောသည်။

အလားတူ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများအပြင် ပိတ်ဆို့နေသောလမ်းများကိုရှင်းလင်းရေးလုပ်ဆောင်ရန်တို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များစွာကိုတာဝန်ပေးထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ Ref: Xinhua

### အီရန် IRGC ၏ထိပ်တန်းခေါင်းဆောင်တစ်ဦး အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုအတွင်းသေဆုံး

အီရန်နိုင်ငံ၏လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ဖြစ်သော အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC) မှ ထိပ်တန်းခေါင်းဆောင်တစ်ဦးသည်အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားသည်ဟု ထိုတပ်ဖွဲ့က စက်တင်ဘာလ ၂၉ ရက်တွင် အတည်ပြုထုတ်ပြန်ထားသည်။

အစ္စရေးက စက်တင်ဘာလ ၂၇ ရက်တွင်လုပ်ဆောင်သော လက်ဘနွန်နိုင်ငံရှိ ဘေရွတ်မြို့ကို လေကြောင်းမှတိုက်ခိုက်မှုအတွင်း IRGC မှ လက်ဘနွန်နိုင်ငံအတွင်း စစ်ရေးအကြံပေးအဖြစ်တာဝန်ထမ်းရွက်နေသည့် အဘတ်နီဖိုရိုရှန်သည် ဟစ်ဇဘိုလာခေါင်းဆောင်နှင့်အတူ သေဆုံးသွားခြင်းဖြစ်သည်ဟု တာဝန်ရှိသူများ၏ပြောဆိုချက်ကိုကိုးကား၍ Sepah သတင်းဌာနကဖော်ပြထားသည်။

နီဖိုရိုရှန်သည် IRGC တွင်စစ်ဆင်ရေးများဆိုင်ရာ ဒုတိယတပ်မှူးအဖြစ်တာဝန်ယူထားသူဖြစ်ပြီး အစ္စရေး၏တိုက်ခိုက်မှုများကို အီရန်ကပြင်းထန်စွာကန့်ကွက်ထားကြောင်းသိရသည်။ Ref: Xinhua

